# ဟွန်ဆန်ဘာဆက်လုပ်မလဲ။

နေ့စွဲ ။ ။ ၁၁၊ ဇန်နဝါရီလ၊ ၂၀၂၂။

မြန်မာနိုင်ငံ၏ စစ်အာဏာရှင်ဖြစ်လာသော မင်းအောင်လှိုင်သည် ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်ဆန်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ၎င်း၏လုပ်ရပ်များအတွက် နောင်တရခြင်း၊ တာဝန်ယူ၊တာဝန်ခံလိုမှု မလိုသည့်ဟန် ပြသခဲ့သည်ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ ပြောကြားသည်။ စစ်အာဏာရှင်တပ်များမှ တိုင်းရင်းသားဒေသများတွင် လေကြောင်းတိုက်ခိုက်မှုများနှင့် ထိုးစစ်ဆင်မှုများ ပိုမိုအရှိန်မြှင့် လုပ်ဆောင်နေသည့်အချိန်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရားမဝင်စကားပြောစက်များ လက်ဝယ်ထားရှိမှုနှင့် စည်းရုံးရေးဆင်းနေသည့် ကာလများတွင် ကိုဗစ်စည်းကမ်းဥပဒေများအား မလိုက်နာသည့်အတွက် ထောင်ဒဏ်နောက်ထပ်လေးနှစ် ချမည့် နှစ်ရက်အလိုတွင် ထိုအစည်းအဝေးကို ပြုလုပ်ခဲ့သည်။

ဝန်ကြီးချုပ်ဟွန်ဆန်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နှင့် ၈ ရက်နေ့တွင် မြန်မာစစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံရန် နေပြည်တော်သို့ မသွားသင့်သည့် ခရီးစဉ်တစ်ခုကို သွားရောက်ခဲ့သည်။ ထိုခရီးစဉ်ကို အသုံးချ၍ မင်းအောင်လှိုင်အနေဖြင့် ၎င်း၏ တရားမဝင်စစ်ကောင်စီအား တရားဝင်မှုပြုလုပ်မည်ကို စိုးရိမ်သည့်အတွက် မြန်မာပြည်သူများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား နိုင်ငံမှ အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် အာဆီယံလွှတ်တော်အမတ်များမှ ခရီးစဉ်ကို ရှုံ့ချခဲ့ကြည်။ ဤသည်မှာ ဖြစ်စဉ်အကျဉ်းချုပ်ဖြစ်သည်။

ဝန်ကြီးချုပ်ဟွန်ဆန်သည် ဒီမိုကရေစီခေါင်းဆောင်များဖြစ်သော သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (သို့မဟုတ်) အမျိုးသားညီညွတ်ရေးအစိုးရမှ အခြားသော အစိုးရအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ခြင်း မရှိခဲ့ပေ။ ဝန်ကြီးချုပ်ဟွန်ဆန်နှင့် မင်းအောင်လှိုင်တို့၏ တွေ့ဆုံဆွေးနွေးမှု ခရီးစဉ်ပြီးနောက် ထွက်ပေါ်လာသော ပူးတွဲထုတ်ပြန် ကြေညာချက်တွင် လက်ရှိမြန်မာနိုင်ငံ ရင်ဆိုင်နေရသော ပူပန်ခံစားရမှုများကို ဖြစ်ပေါ်စေသော အကြောင်းအရင်းဖြစ်သည့် မင်းအောင်လှိုင်၏ အောင်မြင်မှုမရှိသော အာဏာသိမ်းမှုကို တစ်ကြိမ်မျှဖော်ပြခြင်းမရှိပဲ စစ်တပ်နှင့် မြန်မာနိုင်ငံတိုင်းရင်းသားပြည်သူများ အကြား ကာလကြာမြင့်ပြီဖြစ်သော ပြည်တွင်းစစ်ကို စောင်းပေးဖော်ပြကာ တစ်နိုင်ငံလုံးကြုံတွေ့နေရသော အကျပ်အတည်းမှ  ရှောင်လွှဲရန် ကြိုးပမ်းခဲ့သည်။

**“ဝန်ကြီးချုပ် ဟွန်ဆန်နဲ့ မင်းအောင်လှိုင်တို့ ထုတ်ပြန်တဲ့ ပူးတွဲထုတ်ပြန်ကြေညာချက်က အာဆီယံရဲ့ အားထုတ်မှုတွေကို အဟန့်အတားဖြစ်စေဖို့နဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခဆိုင်ရာ အမှန်တရားအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက အထင်အမြင် လွဲမှားအောင် မရိုးမသားရေးသားခဲ့တယ်ဆိုတာ သိသာတယ်။ ဒီလိုလုပ်ဆောင်ခြင်းက မြန်မာနိုင်ငံသားများနဲ့ အာဆီယံကို စော်ကားခြင်း ဖြစ်တယ်။ ဒါက ကျွန်တော်တို့လက်မခံနိုင်တဲ့ အရာဖြစ်တယ်။”** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ Marzuki Darusman က ပြောကြားခဲ့သည်။

ထိုပူးတွဲထုတ်ပြန်ချက်တွင် စစ်ကောင်စီအား စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအကြား တစ်နှစ်တာ “ပစ်ခတ်တိုက်ခိုက်မှုရပ်ဆဲရေး” ကြေညာချက်နှင့် ပက်သက်၍ သွယ်ဝိုက်အမွှန်းတင်ထားသည်။ သို့သော် စစ်ကောင်စီ၏တပ်များသည်

တိုင်းရင်းသားဒေသများတွင် လေကြောင်းတိုက်ခိုက်မှုများနှင့် ထိုးစစ်ဆင်မှုများ ပြင်းပြင်းထန်ထန် လုပ်ဆောင်လာခဲ့ကြပြီး တင်ပြချက်များ အရ ကယားပြည်နယ်လွိုင်ကော်မြို့နယ်မှ လူပေါင်း ၁၀၀၀၀ ကျော်ကို နေရပ်ရွှေ့ပြောင်းမှုဖြစ်စေခဲ့ကာ တစ်ချိန်တည်းမှာပင် ထိုအစည်းအဝေးကို ပြုလုပ်ကျင်းပခဲ့ကြသည်။

**"ဒေါ်အောင်ဆန်းစုကြည်ကို စီရင်ချက်ချက်ဖို့အတွက် နှစ်ကြိမ်၊ သုံးကြိမ်လောက် ရွှေ့ဆိုင်းခဲ့ပြီးမှ ဝန်ကြီးချုပ် ခရီးစဉ်ပြီးတဲ့ နှစ်ရက်မြောက်နေ့မှာ ထောင်ဒဏ်ချမှတ်တယ်ဆိုတာက ရည်ရွယ်ချက်ရှိရှိနဲ့ ဝန်ကြီးချုပ်ကို တာဝန်ရှိတဲ့သူက ဘယ်သူလဲဆိုတာ အချိန်ကိုက် ပြသဖို့အတွက် သေချာစီမံထားတာပဲ။ တကယ်လို့ ဟွန်ဆန်က ဒီစော်ကားမှုကို ဘာတုန့်ပြန်မှုမှ မလုပ်ပဲ လက်ခံမယ် ဆိုရင်တော့ သူ့အနေနဲ့ ခုမှ ပူပူနွေးနွေးတာဝန်ယူထားတဲ့ အာဆီယံ ဥက္ကဋ္ဌရာထူးကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်ပြီး လာမယ့် တစ်နှစ်ပတ်လုံး သူ့ရဲ့ လွှမ်းမိုးနိုင်မှုနဲ့ အာဏာအပေါ်လည်း ထိခိုက်စေလိမ့်မယ်။ ဒီနေ့ချလိုက်တဲ့ ဆုံးဖြတ်ချက်က ဟွန်ဆန်ကို တိုက်ရိုက်စိန်ခေါ်နေတယ်။ အာဆီယံကို ဘယ်သူက ထိန်းချုပ်နေတာလဲ။ ဥက္ကဋ္ဌလား။ မင်းအောင်လှိုင်လား။"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ Chris Sidoti က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံ ဥက္ကဋ္ဌနေရာအား ၂၀၂၂ ခုနှစ်တွင် တာဝန်ယူသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအမျိုးသား ညီညွတ်ရေးအစိုးရမှ အာဆီယံနှင့်အတူတကွ လက်တွဲပြီး စစ်ကောင်စီမှပြုလုပ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဘေးအန္တရာယ် အကျပ်အတည်းများအား ဖြေရှင်းရန်နှင့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် အသစ်ဖြင့် ထိရောက်စွာ ချိတ်ဆက်လုပ်ဆောင်ရန် အဆင်သင့်ရှိကြောင်း ၎င်းတို့ ဆန္ဒသဘောထားကို လူသိရှင်ကြား ထုတ်ပြန်ထားပြီး ဖြစ်သည်။

**"မင်းအောင်လှိုင်ရဲ့ သမာသမတ်ကျတဲ့ အရပ်သားခေါင်းဆောင်တစ်ယောက်လို ဟန်ဆောင်ပြီး အရှုးလုပ်တာခံရတဲ့ တစ်ယောက်တည်းသောသူက ဝန်ကြီးချုပ်ဟွန်ဆန် ဖြစ်ပုံရတယ်။ အာဆီယံ ဥက္ကဋ္ဌအနေနဲ့ ဒီကပ်ဆိုက်ကာလ အကျပ်အတည်းတွေကို တုန့်ပြန်ဖြေရှင်းဖို့အတွက်က လူတွေရဲ့ စိတ်ဝင်စားမှုရအောင်လုပ်ရမှာ မဟုတ်ဘူး။ တစ်ခုတည်းသော ရှေ့ဆက်ရမယ့် နည်းလမ်းက အာဆီယံအနေနဲ့ သတ်မှတ်ချက်ဘောင်အတွင်းက သဘောတူထားပြီးဖြစ်တဲ့ အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ဒီမိုကရေစီအစိုးအဖွဲ့တွေ အပါအဝင် သက်ဆိုင်ရာ အဖွဲ့တွေအားလုံးနဲ့ သင့်လျော်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ဆောင်ရမယ်ဆိုတာမှာကို လူတိုင်း ရှင်းရှင်းလင်းလင်း သိထားပြီး ဖြစ်တယ်။ ပြီးတော့ အသစ်ခန့်အပ်ခိုက်တဲ့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်နဲ့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်တယ်။"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ Yanghee Lee က ပြောကြား ခဲ့ပါသည်။

ဝန်ကြီးချုပ်ဟွန်ဆန်သည် မိုက်မဲသော လုပ်ရပ်ကို လုပ်ဆောင်ခဲ့သော်လည်း ယခုအချိန်တွင် ထိုလုပ်ဆောင်ချက်မှ အဖြေ ထွက်ပေါ်လာရန်မှာ ၎င်း၏ တာဝန်သာဖြစ်သည်။ ၎င်းအနေဖြင့် ၎င်း၏ ရာထူးဂုဏ်တည်ရှိမှုကို မင်းအောင်လှိုင်မှ စော်ကားနေခြင်း အပေါ် ခွင့်ပြုနိုင်စွမ်း မရှိပေ။ အာဆီယံဥက္ကဋ္ဌ ဖြစ်သည့်အားလျော်စွာ ၎င်းအနေဖြင့် ဒီမိုကရေစီကျသော၊ ငြိမ်းချမ်းသော၊ အားလုံး ပါဝင်သော မြန်မာနိုင်ငံဖြစ်စေရန် ရှေ့ဆက်ရမည့်နည်းလမ်းတစ်ရပ်အဖြစ် မြန်မာနိုင်ငံရှိ အဖွဲ့များအားလုံးကို ချန်လှပ်ထားခြင်း မရှိပဲ အားလုံးနှင့် ချိန်ဆက်ဆွေးနွေးလုပ်ကိုင်ရန် စတင်ဦးဆောင်ရမည်ဖြစ်သည်။ အကြမ်းဖက်မှုများအား ချက်ချင်းအဆုံးသတ်နိုင်ရန်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်စေရန်အတွက် ၎င်းအနေဖြင့် သံတမန်ရေး၊ စီးပွားရေးနှင့် လိုအပ်ပါက လုံခြုံရေး ဆိုင်ရာ ဖယ်ကျဉ်မှုများ အပါအဝင် အာဆီယံ၏ ဖိအားများအားလုံးကို စစ်ကောင်စီအပေါ် ချမှတ်ရမည်ဖြစ်သည်။ ထို့အတွက် ဟွန်ဆန် ဘာဆက်လုပ်မလဲ။